LESSON 33

# どのくらい待(ま)ちますか

## Donokurai machimasu ka

ဘယ်လောက်စောင့်ရမလဲ။



### ဒီနေ့အတွက် ဇာတ်ဝင်ခန်း

| | | |
|---|---|---|
| マイク<br>မိုက်ခ် | ： どのくらい待(ま)ちますか。<br>Donokurai machimaꜜsu ka. | ဘယ်လောက်စောင့်ရမလဲ။ |
| 係員(かかりいん)1<br>ဝန်ထမ်း (၁) | ： 15分(ふん)くらいです。<br>Juu-go-fun kuꜜrai deꜜsu. | ၁၅ မိနစ်လောက်ပါ။ |
| マイク<br>မိုက်ခ် | ： わかりました。<br>Wakarimaꜜshita. | ဟုတ်ကဲ့။ |
| 海斗(かいと)<br>ကိုက်တို | ： すごい!<br>Sugoꜜi! | အံ့သြစရာကြီး။ |
| | 本物(ほんもの)の手裏剣(しゅりけん)だ。<br>Honmono no shuriken da. | တကယ့်အစစ် ရှုရိကဲန်း လက်နက်ပဲ။ |
| 係員(かかりいん)2<br>ဝန်ထမ်း (၂) | ： あの的(まと)に投(な)げてください。<br>Ano mato ni naꜜgete kudasaꜜi. | ဟိုပစ်မှတ်ကို ပစ်ပါ။ |
| マイク<br>မိုက်ခ် | ： えい!<br>Eꜜi! | ကဲကွာ။ |
| | あ、落(お)ちちゃった。<br>A, oꜜchichatta. | ဟာ၊ ကျသွားပြီ။ |

### ဝေါဟာရ

| | | |
|---|---|---|
| どのくらい ဘယ်လောက်<br>donokurai | 待(ま)つ စောင့်တယ်<br>maꜜtsu | ～くらい XXX လောက်<br>～kuꜜrai |
| 本物(ほんもの) အစစ်<br>honmono | 手裏剣(しゅりけん) ရှုရိကဲန်း လက်နက်<br>shuriken | あの ဟို<br>ano |
| 的(まと) ပစ်မှတ်<br>mato | 投(な)げる ပစ်တယ်<br>nageꜜru | 落(お)ちる ကျတယ်<br>ochiꜜru |

 ©NHK WORLD-JAPAN

**Can-do!** အချိန်ဘယ်လောက်လိုမလဲ မေးမြန်းနိုင်တယ်

အဓိက အသုံးအနှုန်း

# どのくらい待ちますか。

**Donokurai machimaꜜsu ka**

ဘယ်လောက်စောင့်ရမလဲ။

အချိန်ဘယ်လောက်လိုမလဲ မေးတဲ့အခါ၊ ကြာမယ့်အချိန်၊ အကွာအဝေး၊ ပမာဏတို့ကို မေးမြန်းတဲ့ အမေးစကားလုံး “donokurai” ကို သုံးပြီး မေးပါတယ်။ “machimasu ka” (“matsu” “စောင့်တယ်”)၊ ဒါမှမဟုတ် “kakarimasu ka” (“kakaru” “ကြာတယ်”) တို့နဲ့ တွဲပြီး သုံးပါတယ်။

**သုံးကြည့်ကြရအောင်**

すみません。あと、どのくらいかかりますか。

Sumimaseꜜn. Aꜜto, donokurai kakarimaꜜsu ka.

20分くらいです。

Nijuppun kuꜜrai deꜜsu.



တစ်ဆိတ်လောက်။ နောက်ထပ် ဘယ်လောက် ကြာမလဲ။
မိနစ် ၂၀ လောက်ပါ။

**ကြိုးစားကြည့်ရအောင်**

**どのくらい～ますか。** ဘယ်လောက် XXX မလဲ။

Donokurai ～maꜜsu ka.

**① 歩く（→歩きます）**

aruꜜku (→arukimaꜜsu)

လမ်းလျှောက်တယ်



**② もつ（→もちます）**

moꜜtsu (→mochimaꜜsu)

ခံတယ်




ဆက်စပ်တိုးပွား စကားလုံးများ

အချိန်အတိုင်းအတာ

| | | | | | |
|---|---|---|---|---|---|
| မိနစ် | 5 | 10 | 15 | 20 | 30 |
| | goꜜ-fun | juꜜppun | juu-goꜜ-fun | nijuꜜppun | sanjuꜜppun |
| နာရီ | 1 | 1.5 | 4 | 7 | 9 |
| | ichi-jiꜜkan | ichi-jikan-haꜜn | yo-jiꜜkan | shichi-jiꜜkan | ku-jiꜜkan |

မိုက်ခ်နဲ့အတူပျော် ခေတ်ပေါ်ယဉ်ကျေးမှု



# ကိုယ်တိုင်လက်တွေ့ လုပ်ကြည့်လို့ ရတာတွေ ပါတဲ့ အလည်အပတ်ခရီးစဉ်

ဂျပန်က အလည်အပတ်ခရီးစဉ်တွေမှာ ကိုယ်တိုင် လက်တွေ့ လုပ်ကြည့်လို့ရတဲ့ အရာမျိုးတွေ ရှိပါတယ်။ နင်ဂျာလုပ်ရတာ၊ ဆာမူရိုင်းလုပ်ရတာအပြင် ကီမိုနိုဝတ်ဆင်တာ၊ လက်ဖက်ရည်ကြမ်း တည်ခင်းတာ၊ ပန်းအလှထိုးတာ၊ ဂျပန်မုန့် ပြုလုပ်တာတွေက နာမည်ကြီးပါတယ်။

ကီမိုနို ဝတ်ဆင်ခြင်း



©Nagominowa

ဂျပန်မုန့် ပြုလုပ်ခြင်း



©Shichijyokansyundo

ဒါ့အပြင် စားသောက်ဆိုင်တွေရဲ့ ရှိုးကေ့စ်ထဲမှာ နမူနာပြထားဖို့ ပလတ်စတစ်စတာတွေနဲ့ လုပ်တဲ့ အစားအသောက် ပုံစံတူတွေကို ကိုယ်တိုင် လုပ်ကြည့်တာ၊ ဖန်တီးထားတဲ့ ငလျင်၊ မိုးသက်လေပြင်း၊ မီးလောင်မှု၊ ဆူနာမီ စတဲ့ ဘေးအန္တရာယ်တွေကို ကိုယ်တွေ့ခံစားကြည့်ပြီး ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်မှုတွေနဲ့ ပတ်သက်လို့ လေ့လာနိုင်တာမျိုး ဂျပန်မှာသာ အထူးတွေ့နိုင်တဲ့ နေရာတွေလည်းရှိပါတယ်။

အစားအသောက် ပုံစံတူ ပြုလုပ်ခြင်း



©DesignPocket

အဖြေ ① どのくらい歩(ある)きますか。 Donokurai arukimaꜜsu ka.

② どのくらいもちますか。 Donokurai mochimaꜜsu ka.

 ©NHK WORLD-JAPAN 